## စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
## စီမံကိန်းဦးစီးဌာန

# စိုက်ပျိုးစီးပွားသတင်းလွှာ

အမှတ်စဉ် ( ၁၁/ ၂၀၂၃)　　　　　　　　　　၂၀၂၃ ခုနှစ်၊ ဇူလိုင်လ(၁၃) ရက်

| ၁၃-၇-၂၀၂၃ | |
|---|---|
| ငွေကြေး အမျိုးအစား | ငွေလဲလှယ်နှုန်း (ကျပ်) |
| ဒေါ်လာ | ၂၁၀၀.၀ |
| ယူရို | ၂၃၄၃.၈ |
| စင်္ကာပူဒေါ်လာ | ၁၅၈၃.၈ |
| စတာလင်ပေါင် | ၂၇၃၉.၀ |
| ဂျပန်ယန်း (၁၀၀) | ၁၅၁၇.၇ |
| တရုတ်ယွမ် | ၂၉၃.၁၇ |
| ဟောင်ကောင် ဒေါ်လာ | ၂၆၈.၄၄ |
| အိန္ဒိယရူပီး | ၂၅.၅၈၃ |
| ကိုရီးယားဝမ် (၁၀၀) | ၁၆၅.၄၆ |
| မလေးရှား ရင်းဂစ် | ၄၅၇.၁၂ |
| ဖိလစ်ပိုင်ပီဆို | ၃၈.၅၂၅ |
| ထိုင်းဘတ် | ၆၀.၇၉၉ |
| ဗီယက်နမ်ဒေါင် (၁၀၀) | ၈.၈၇၄၁ |

လယ်ယာစီးပွားနှင့်
ကုန်သွယ်မှုဌာနခွဲ၊
စီမံကိန်းဦးစီးဌာန
ရုံးအမှတ် (၁၅)
ဖုန်း-၀၆၇-၃၄၁၀၆၈၄
Email-
misdop.moali@gmail.com

## သတင်းခေါင်းစဉ်များ

- **စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေထွက်ပစ္စည်းဆိုင်ရာသတင်းများ**

➢ လူဦးရေ ၃ ဘီလီယံခန့်အတွက် အခြေခံစားသောက်ကုန်ဖြစ်သော ဆန်သည် ဈေးနှုန်းမြင့်တက်ခြင်းမှ ရှောင်ရှားနိုင်မည်မဟုတ်

➢ ၂၀၂၃ ခုနှစ်၊ ဇွန်လအတွက် စားနပ်ရိက္ခာဈေးနှုန်းညွှန်းကိန်း သတင်းထုတ်ပြန်ချက်

➢ ရုရှားနိုင်ငံသည် ဂျုံတန်ချိန် ၄၇ သန်း စံချိန်တင် တင်ပို့ခဲ့

➢ ရုရှားနိုင်ငံရှိ စိုက်ပျိုးရေးအဖွဲ့အစည်းများတွင် ရောင်းချရန်သိုလှောင်ထားသော ကောက်ပဲသီးနှံများ ၁.၇ ဆ မြင့်တက်လာ

- **အထွေထွေသတင်းများ**

➢ ရုရှားနိုင်ငံ၊ စက်မှုနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် ပလက်တီနမ်နှင့် ရွှေတင်ပို့ခြင်းအတွက် အထွေထွေလိုင်စင်များကို ဆက်လက်ထုတ်ပေးသွားမည်

➢ Moscow Export Center မှ မိတ်ဖက်နိုင်ငံ (၃) နိုင်ငံသို့ စီးပွားရေးနယ်မြေချဲ့ထွင်ရေး အစီအစဉ်အသစ်တွင် ထိုင်းပါဝင်

➢ ရုရှားနိုင်ငံရှိ Khabarovsk ဒေသသည် ဗီယက်နမ်သို့ စွမ်းအင်ပစ္စည်းကိရိယာများ တင်ပို့ရန်စီစဉ်

➢ ရုရှားနှင့် အီရန်တို့ မြောက်-တောင် သယ်ယူပို့ဆောင်ရေးလမ်းကြောင်း၏ ရထားလမ်းအပိုင်းကို တည်ဆောက်မည်

- တရုတ်နိုင်ငံသည် gallium နှင့် germanium တို့ ပါဝင်သည့် စက်မှုထုတ်ကုန်များတင်ပို့မှုကို ကန့်သတ်လိုက်
- တရုတ်နှင့် ဟွန်ဒူးရပ်စ်နိုင်ငံတို့အကြား လွတ်လပ်သောကုန်သွယ်ရေး သဘောတူညီချက် (Free Trade Agreement-FTA) ဆိုင်ရာ ဆွေးနွေးမှုများ မကြာမီ စတင်မည်
- တရုတ်-လာအိုရထားလမ်းသည် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို မြှင့်တင်ပေးလျက်ရှိ

## လူဦးရေ ၃ ဘီလီယံခန့်အတွက် အခြေခံစားသောက်ကုန်ဖြစ်သော ဆန်သည် ဈေးနှုန်းမြင့်တက် ခြင်းမှ ရှောင်ရှားနိုင်မည်မဟုတ်

ကမ္ဘာ့တွင် ဆန်အများဆုံးစိုက်ပျိုးထွက်ရှိသည့်နိုင်ငံခြောက်နိုင်ငံ၏ ဆန်ထွက်ရှိမှု ကြိုတင်ခန့်မှန်းချက်များအရ ဆန်ဈေးနှုန်းသည် ၁၁ နှစ်တာ ကာလအတွင်း အမြင့်ဆုံးအနေအထားသို့ ရောက်ရှိနေပြီး ဆက်လက်၍လည်း ဈေးနှုန်းမြင့်တက်နိုင်သည့်အနေအထားတွင်ရှိကြောင်း The Economic Times သတင်းစာတွင် ဖော်ပြထားပါသည်။

ကမ္ဘာ့ဆန်တင်ပို့မှု၏ ၄၀ ရာခိုင်နှုန်းကို ဈေးနှုန်းသက်သာစွာဖြင့် တင်ပို့လျှက်ရှိသော အိန္ဒိယနိုင်ငံသည် လယ်သမားများအတွက် အခြေခံရည်ညွှန်းဈေးနှုန်းကို တိုးမြှင့်သတ်မှတ်ပေးခဲ့ပါကြောင်း၊ ပြီးခဲ့သည့်လက အစိုးရ၏ ရာသီသစ်ဆန်များအတွက် အစိုးရ၏ ဝယ်ယူရေးဈေးနှုန်းများကို ၇ ရာခိုင်နှုန်းအထိ တိုးမြှင့်ပေးခဲ့ပြီးနောက် အိန္ဒိယနိုင်ငံ၏ ဆန်တင်ပို့မှုဈေးနှုန်းမှာလည်း ၅ နှစ်အတွင်း အမြင့်ဆုံးအဖြစ် ၉ ရာခိုင်နှုန်းအထိ မြင့်တက်ခဲ့ပါကြောင်း၊ ဆန်သည် ကမ္ဘာ့လူဦးရေ ၃ ဘီလီယံကျော်အတွက် အဓိကအစားအစာဖြစ်ပါကြောင်း၊ စိုက်ပျိုးရေလိုအပ်ချက်များသည့် သီးနှံဖြစ်ပြီး အာရှတိုက်တွင် အဓိကစိုက်ပျိုးပါကြောင်းနှင့် ယခုနှစ်တွင် အယ်နီညိုကြောင့် မိုးရွာသွန်းမှုလျော့နည်းပြီး စိုက်ပျိုးထွက်ရှိမှုကို ထိခိုက်မှုများရှိလာနိုင်ပါကြောင်း၊ စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့၏ ကမ္ဘာ့ဆန်ဈေးနှုန်း အညွှန်းကိန်းမှာလည်း ၁၁ နှစ်အတွင်း အမြင့်ဆုံးသို့ ရောက်ရှိနေသည်ဟု သိရှိရကြောင်းလည်း ဖော်ပြထားပါသည်။

ရုရှား-ယူကရိန်း ပဋိပက္ခများကြောင့် ဈေးနှုန်းမြင့်တက်လျှက်ရှိသောဆန်ဈေးနှုန်းသည် ရာသီဥတု အပြောင်းအလဲများနှင့် ဈေးကွက်လက်ကျန်လျော့နည်းမှုများကြောင့် ပိုမိုဈေးတက်လာမည်ဖြစ်ပါကြောင်းနှင့် အိန္ဒိယသည် ကမ္ဘာ့ဆန်ဈေးကွက်သို့ ဈေးနှုန်းအသက်သာဆုံးဖြင့် တင်ပို့သည့်နိုင်ငံဖြစ်သော်လည်း ဆန်ဈေးနှုန်း အနိမ့်ဆုံးတန်ဖိုး သတ်မှတ်ချက်အသစ်ကြောင့် အိန္ဒိယ၏ ဆန်ဈေးနှုန်းမှာ မြင့်တက်လာသကဲ့သို့ အခြားသော ဆန်တင်ပို့သည့် နိုင်ငံများ၏ ဈေးနှုန်းများလည်း မြင့်တက်လာသည်ဟု အိန္ဒိယ ဆန်တင်ပို့သူများအသင်း ဥက္ကဋ္ဌ B.V Krishna Rao က ပြောကြားထားကြောင်းလည်း ဖော်ပြထားပါသည်။

အယ်နီညို၏ သက်ရောက်မှုသည် နိုင်ငံတစ်နိုင်ငံတည်းသာမဟုတ်ဘဲ ဆန်စပါးစိုက်ပျိုးသည့်နိုင်ငံများအားလုံး၏ ဆန်ထွက်ရှိမှုကို ထိခိုက်နိုင်သည်ဟု ဆန်လုပ်ငန်းဆောင်ရွက်သော Olam India မှ ဒုဥက္ကဋ္ဌဖြစ်သူ Nitin Gupta ကလည်း ပြောကြားထားပါကြောင်း၊ ပြီးခဲ့သည့် လအနည်းငယ်အတွင်း ကြက်ဥ၊ အသား၊ သကြား စသည်တို့၏ ဈေးနှုန်းများမှာ ကမ္ဘာ့အနှံ့ မြင့်တက်ခဲ့ပါကြောင်းနှင့် ပြည်တွင်းလုံလောက်မှုရှိစေရေး ပြည်ပတင်ပို့မှုများကို ကန့်သတ် ထိန်းချုပ်ခဲ့ခြင်းကြောင့်ဖြစ်ပါ

Agribusiness & Trade

ကြောင်း၊ ယခုနှစ်တွင် အာရှမှ သီးနှံထွက်ရှိမှု အားကောင်းမည်ဟု ခန့်မှန်းထားကြသော်လည်း နယူးဒေလီမြို့ အခြေစိုက် Global Trading House က အယ်နီညိုသည် ဆန်စပါးစိုက်ပျိုးသည့် နိုင်ငံများ၏ထုတ်လုပ်မှုကို ကျဆင်းစေနိုင်သည်ဟု မျှော်မှန်းထားပါကြောင်းနှင့် ဆန်လက်ကျန် လျော့နည်းမှုများကြောင့် ဆန်ဈေးနှုန်းမှာ မြင့်တက်လျှက်ရှိပါကြောင်း၊ ဆန်ထွက်ရှိမှု ကျဆင်းပါက ဈေးနှုန်းမှာ ပိုမို၍မြင့်တက်လာမည်ဟု Nitin Gupta က ပြောကြားထားပါကြောင်း၊ ပြီးခဲ့သည့်နှစ်များတွင် ဝယ်လိုအားများလာသော်လည်း တရုတ်နှင့် အိန္ဒိယတို့၏ ထုတ်လုပ်မှုများ ကျဆင်းသွားသဖြင့် ကမ္ဘာ့ဆန်သို့လှောင်ထားရှိမှုလက်ကျန်မှာ ၂၀၂၃-၂၀၂၄ နှစ်ကုန်တွင် ၆ နှစ်အတွင်း အနည်းဆုံးပမာဏအဖြစ် တန်ချိန် ၁၇၀.၂ မီလီယံသာ ကျန်ရှိမည်ဟု အမေရိကန် လယ်ယာစိုက်ပျိုးရေးဌာန က ပြောကြားထားကြောင်း The Economic Times သတင်းစာတွင် ဖော်ပြထားပါသည်။

အယ်နီညိုသည် အာရှနိုင်ငံများ၏ ဆန်စပါးထုတ်လုပ်မှုကို ပုံမှန်ထက် လျော့နည်းစေမည်ဖြစ်ပြီး ပုံမှန်ထက် သိသိသာသာအထွက်နှုန်းလျော့နည်းခဲ့ပါက ဈေးနှုန်းမှာ ငါးပုံတစ်ပုံ၊ သို့မဟုတ် ထို့ထက်ပို၍ တက်သွားနိုင်သည်ဟု နယူးဒေလီမြို့အခြေစိုက် ကုန်သည်တစ်ဦးက ပြောကြားထားပါကြောင်း၊ ကမ္ဘာ့ဒုတိယအများဆုံး ဆန်တင်ပို့သည့်နိုင်ငံဖြစ်သည့် ထိုင်းနိုင်ငံကလည်း မေလအတွင်း မိုးရွာသွန်းမှုမှာ ပုံမှန်ထက် ၂၆ ရာခိုင်နှုန်း လျော့နည်းခဲ့ပြီးနောက် တောင်သူများအား ဆန်တစ်မျိုးတည်းကိုသာ စိုက်ပျိုးရန် တွန်းအားပေးလျှက်ရှိပါကြောင်း၊ အိန္ဒိယနိုင်ငံတွင် ပြီးခဲ့သည့် နွေရာသီ စပါးစိုက်ပျိုးမှုမှာ ၂၆ ရာခိုင်နှုန်း ကျဆင်းခဲ့ပြီး မိုးဦးကျ မိုးရွာသွန်းမှုမှာလည်း ပုံမှန်ထက် ၈ ရာခိုင်နှုန်း လျော့နည်းသည်ဟု အစိုးရ၏ သတင်းအချက်အလက် ထုတ်ပြန်ချက်များအရ သိရှိရပါကြောင်း၊ ဆန်စပါးထွက်ရှိမှုအများဆုံး နိုင်ငံတစ်နိုင်ငံဖြစ်သည့် တရုတ်နိုင်ငံတွင် အစောပိုင်းသီးနှံရာသီအတွက် လွယ်ကူစေမည် မဟုတ်သော်လည်း လက်ကျန်ဆန်ပမာဏများသည့်အတွက် ဝယ်လိုအားနှင့် ရောင်းလိုအား မျှချေရှိနိုင်သည်ဟု ရှန်ဟိုင်း JC Ingelligence ၏ ဆန်းစစ်လေ့လာသူ Rosa Wang က ပြောကြားထားကြောင်း သိရှိရပါသည်။

အိန္ဒိယနိုင်ငံ၏ စားသောက်ကုန်ဈေးနှုန်းများ ကြီးမြင့်ခြင်းသည် လက်ရှိအစိုးရအား စိုးရိမ်ပူပန်မှုဖြစ်စေပြီး ပြီးခဲ့သည့်နှစ်က ဂျုံတင်ပို့မှုကို ပိတ်ပင်ခြင်း၊ ပြည်တွင်းဈေးကွက်ကို ထိန်းသိမ်းနိုင်ရန်အတွက် ဆန်နှင့် သကြားတင်ပို့မှုကို ကန့်သတ်ခြင်းတို့အား ဆောင်ရွက်ခဲ့ပါကြောင်း၊ ရွေးကောက်ပွဲနီးလာသည့် ယခုအချိန်တွင် သီးနှံစိုက်ပျိုးမှုလျော့နည်းခြင်းနှင့် ပြည်တွင်း ကုန်ဈေးနှုန်းများ ကြီးမြင့်ခြင်းတို့သည့် လက်ရှိဝန်ကြီးချုပ် နာရိန်ဒြာမိုဒီဦးဆောင်သည့် ဘီဂျေပီပါတီကို စိုးရိမ်မှုများ ပိုမိုဖြစ်စေနိုင်သဖြင့် စားသောက်ကုန် ပြည်ပတင်ပို့မှုကို ပိုမိုကန့်သတ်ခြင်းများ ပြုလုပ်လာနိုင်ပါကြောင်း၊ အိန္ဒိယနိုင်ငံ၏ စားသောက်ကုန်တင်ပို့မှု ထိန်းချုပ်ခြင်းများသည် တခြားသောနိုင်ငံများ၏ ရောင်းလိုအားအပေါ်တွင် သက်ရောက်မှုများ ရှိလာနိုင်ပါကြောင်း၊ အိန္ဒိယနိုင်ငံ၏ ဆန်တင်ပို့မှုလျော့

Agribusiness & Trade

နည်းပြီး ရောင်းလိုအား သိသိသာသာကျဆင်းသွားပါက ကမ္ဘာ့ကုန်စျေးနှုန်းမှာ မြင့်တက်သွားနိုင်ပါကြောင်းနှင့် မြန်မာ၊ ပါကစ္စတန်၊ ထိုင်းနှင့် ဗီယက်နမ်တို့၏ စုစုပေါင်းတင်ပို့မှုမှာ တန်ချိန် ၃ သန်း မှ ၄ သန်းခန့်အထိ မြင့်တက်လာနိုင်သည်ဟု စက်ဘာပူအခြေစိုက် ကုန်သည် တစ်ဦးက ပြောကြားထားပါကြောင်း၊ သို့ရာတွင် ဆန်စျေးနှုန်းမြင့်တက်မှုသည် ဝယ်ယူသူများ အတွက်အခက်အခဲဖြစ်စေနိုင်ပါကြောင်း၊ အာဖရိကနိုင်ငံများမှ ဆန်ဝယ်ယူမှုမှာ လျော့နည်းလာသော်လည်း အာရှနိုင်ငံများဖြစ်သည့် အင်ဒိုနီးရှားနှင့် ဖိလစ်ပိုင်နိုင်ငံတို့သည် ဗီယက်နမ်မှ ဆန်များ ပိုမိုဝယ်ယူလျှက်ရှိပါကြောင်း၊ အင်ဒိုနီးရှားနိုင်ငံသည် ပုံမှန်အားဖြင့် ဆန်ကို ထိုင်းနိုင်ငံနှင့် ဗီယက်နမ်နိုင်ငံတို့မှ ဝယ်ယူလေ့ရှိသော်လည်း အယ်နီညိုကြောင့် ပြည်တွင်းရောင်းလိုအားကို ထိခိုက်နိုင်သဖြင့် ပြီးခဲ့သည့်လတွင် အိန္ဒိယနှင့် ဆန်တန်ချိန် ၁ သန်း ဝယ်ယူရေးစာချုပ်ကို လက်မှတ်ရေးထိုးခဲ့ပါကြောင်း၊ ပြီးခဲ့သည့် နှစ်အနည်းငယ်က ဆန်စျေးကွက်ကို ဝယ်ယူသူမှ စိတ်ကြိုက် ရွေးချယ်ဆောင်ရွက်နိုင်ခဲ့သော်လည်း အယ်နီညိုကြောင့် ထုတ်လုပ်မှုလျော့နည်းပြီး ရောင်းချသူ၏ စိတ်ကြိုက်စျေးကွက်ဖြစ်လာနိုင်သည်ဟု စက်ဘာပူကုန်သည်တစ်ဦးက ပြောကြားထားကြောင်း The Economic Times သတင်းစာက ဖော်ပြထားပါသည်။

Source: Rice, a staple for 3 billion, won't be spared by the price spike devil, The Economic Times,

မျိုးမြင့်မောင်၊ စီးပွားရေးသံမှူး
နယူးဒေလီမြို့

## ၂၀၂၃ ခုနှစ်၊ ဇွန်လအတွက် စားနပ်ရိက္ခာစျေးနှုန်းညွှန်းကိန်း သတင်းထုတ်ပြန်ချက်

၁။ ၂၀၂၃ ခုနှစ်၊ ဇွန်လအတွက် ကုလသမဂ္ဂ စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ (FAO) က စားနပ်ရိက္ခာစျေးနှုန်းညွှန်းကိန်း (FAO Food Price Index ) ကို "FAO Food Price Index continued declining in June" ခေါင်းစဉ်ဖြင့် ၇-၇-၂၀၂၃ ရက်တွင် ထုတ်ပြန်ခဲ့ပါသဖြင့် တင်ပြအပ်ပါသည်။

၂။ အဆိုပါထုတ်ပြန်ချက်တွင် အောက်ပါအချက်များကို အဓိက ဖော်ပြထားပါသည် -

- ကမ္ဘာ့စျေးကွက်တွင် အဓိက နံ့စားသီးနှံများနှင့် ဟင်းသီးဟင်းရွက်ဆီများ စျေးနှုန်းကျဆင်းခဲ့မှုကြောင့် နိုင်ငံတကာစားသောက်ကုန် စျေးနှုန်းညွှန်းကိန်းသည် ပြီးခဲ့သည့် မေလထက် ၁.၄ ရာခိုင်နှုန်း ကျဆင်းခဲ့ကာ ဇွန်လတွင် ပျမ်းမျှ ၁၂၂.၃ မှတ်ရှိခဲ့ကြောင်း၊
- ဇွန်လတွင် FAO နံ့စားသီးနှံစျေးနှုန်းညွှန်းကိန်းသည် မေလထက် ၂.၁ ရာခိုင်နှုန်း ကျဆင်းခဲ့ကြောင်း၊ အာဂျင်တီးနားနှင့် ဘရာဇီးလ်နိုင်ငံတွင် နံ့စားသီးနှံများ ရိတ်သိမ်းလျက်ရှိမှု

ကြောင့် ပြောင်းဆံတင်ပို့မှု မြင့်တက်ခြင်းနှင့် အမေရိကန်နိုင်ငံတွင် ထုတ်လုပ်မှုအလားအလာကောင်းများကြောင့် ကမ္ဘာ့ဆန်ကြမ်းဈေးနှုန်း သတ်မှတ်ချက်မှာ ဇွန်လတွင် ၃.၄ ရာခိုင်နှုန်း ကျဆင်းခဲ့ကြောင်း၊

- အလားတူ မြောက်ကမ္ဘာခြမ်းတွင် ဂျုံရိတ်သိမ်းမှု စတင်လျက်ရှိခြင်းကြောင့် နိုင်ငံတကာ ဂျုံဈေးနှုန်းမှာ ၁.၃ ရာခိုင်နှုန်း ကျဆင်းခဲ့ကြောင်းနှင့် non-Indica ဆန်မျိုးကွဲများ ဝယ်လိုအားနှေးကွေးမှုနှင့် ပါကစ္စတန်နိုင်ငံမှ ဆန်ပိုမိုတင်ပို့နိုင်ခဲ့မှုကြောင့် နိုင်ငံတကာ ဆန်ဈေးနှုန်းမှာ ၁.၂ ရာခိုင်နှုန်း ကျဆင်းခဲ့ကြောင်း၊
- FAO ဟင်းသီးဟင်းရွက်ဆီ ဈေးနှုန်းညွှန်းကိန်းသည် ကမ္ဘာ့ဈေးကွက်တွင် ပဲပိစပ်ဆီနှင့် မုန်ညှင်းဆီဈေးနှုန်းသတ်မှတ်ချက်များ မြင့်တက်ခဲ့မှုအား စားအုန်းဆီနှင့် နေကြာဆီ ဈေးနှုန်းကျဆင်းမှုက ခုနှိမ့်ခဲ့မှုကြောင့် မေလထက် ၂.၄ ရာခိုင်နှုန်း ကျဆင်းခဲ့ကြောင်း၊
- FAO နို့ထွက်ပစ္စည်းဈေးနှုန်းညွှန်းကိန်းသည် အရှေ့အလယ်ပိုင်းဒေသမှ အဓိက ဝယ်ယူမှုမြင့်တက်ခဲ့သည့်အတွက် ကမ္ဘာ့ထောပတ်ဈေးနှုန်းများ မြင့်တက်ခဲ့သည့်တိုင် နိုင်ငံတကာ ဒိန်ခဲဈေးနှုန်းများ အကျကြမ်းခဲ့မှုကြောင့် မေလထက် ၀.၈ ရာခိုင်နှုန်း ကျဆင်းခဲ့ကြောင်း၊
- FAO သကြားဈေးနှုန်းညွှန်းကိန်းသည် ပြီးခဲ့သည့် လေးလအတွင်း တစ်လချင်းစီ မြင့်တက်ခဲ့သော်လည်း ဇွန်လတွင် ပထမဆုံးအနေဖြင့် ၃.၂ ရာခိုင်နှုန်း ကျဆင်းခဲ့ကြောင်း၊ ယင်းမှာ ဘရာဇီးလ်နိုင်ငံတွင် ကြံရိတ်သိမ်းမှု အလားအလာကောင်းခြင်းနှင့် ကမ္ဘာ့သကြားဝယ်လိုအား ကျဆင်းခဲ့မှု၊ အထူးသဖြင့် တရုတ်နိုင်ငံက သကြားဝယ်ယူတင်သွင်းမှု ကျဆင်းခဲ့မှုတို့နှင့် ဆက်စပ်နေကြောင်း၊
- FAO အသားဈေးနှုန်းညွှန်းကိန်းသည် ဇွန်လတွင် ပြောင်းလဲမှုမရှိခဲ့ကြောင်း၊ အရှေ့အာရှနိုင်ငံများမှ ဝယ်ယူတင်သွင်းမှု မြင့်တက်ခဲ့သည့်အတွက် ကြက်/ဘဲ အသားဈေးနှုန်းများ မြင့်တက်ခဲ့ကြောင်း၊ ကမ္ဘာ့ဈေးကွက်တွင် ဝက်သားဈေးနှုန်း သတ်မှတ်ချက်များ မြင့်တက်ခဲ့သော်လည်း သမုဒ္ဒရာပိုင်းနိုင်ငံများမှ အမဲသားနှင့် သိုးသား တင်ပို့မှုမြင့်တက်ခဲ့သည့်အတွက် အမဲသားနှင့် သိုးသားဈေးနှုန်းများ ကျဆင်းခဲ့ကြောင်း၊
- Cereal Supply and Demand Brief ၏ နောက်ဆုံးထုတ်ပြန်ချက်အရ ကမ္ဘာ့နှံစားသီးနှံထုတ်လုပ်မှုသည် ၂၀၂၃-၂၄ ခုနှစ်တွင် ပိုမိုတိုးမြှင့်ထုတ်လုပ်နိုင်ရန် အလားအလာများရှိနေပြီး ၂၀၂၃ ခုနှစ်တွင် ပြီးခဲ့သည့်နှစ်ကထက် ၁.၁ ရာခိုင်နှုန်းတိုး၍ တန်ချိန် ၂၈၁၉ သန်း ထုတ်လုပ်နိုင်ရန် ခန့်မှန်းထားကြောင်း၊

Agribusiness & Trade

- သို့ရာတွင် ထိခိုက်လွယ်သော နိုင်ငံများတွင် စားသောက်ကုန်များ ဈေးနှုန်းမြင့်တက်မှုကြောင့် စားနပ်ရိက္ခာအခြေအနေမှာ ဆိုးရွားလျက်ရှိကြောင်း၊ အထူးသဖြင့် စားနပ်ရိက္ခာဈေးနှုန်း မြင့်တက်မှုနှင့်အတူ စီးပွားရေးကျဆင်းမှု၊ ပဋိပက္ခ၊ မိုးခေါင်ရေရှားပါးမှု၊ အယ်လ်နီညို သက်ရောက်မှုတို့သည် ကမ္ဘာတစ်ဝန်းတွင် စားနပ်ရိက္ခာဖူလုံမှုအပေါ် ဆိုးရွားစွာ သက်ရောက်လျက်ရှိနေကြောင်း၊
- နိုင်ငံပေါင်း ၄၅ နိုင်ငံတွင် ပြင်ပမှ စားနပ်ရိက္ခာထောက်ပံ့ကူညီမှုများကို လိုအပ်လျက် ရှိပြီး၊ ယင်းတွင် အာဖရိကဒေသမှ ၃၃ နိုင်ငံ၊ အာရှဒေသမှ ၉ နိုင်ငံနှင့် ဟေတီ၊ ယူကရိန်းနှင့် ဗင်နီဇွဲလားနိုင်ငံတို့ ဖြစ်ကြောင်း သိရှိရပါသည်။

မြန်မာသံရုံး
ရောမမြို့

## ရုရှားနိုင်ငံသည် ဂျုံတန်ချိန် ၄၇ သန်း စံချိန်တင် တင်ပို့ခဲ့

ရုရှားနိုင်ငံသည် ၂၀၂၂ - ၂၀၂၃ စိုက်ပျိုးရေးရာသီ(၂၀၂၂ ခုနှစ် ဇူလိုင်လ ၁ ရက်မှ ၂၀၂၃ ခုနှစ် ဇွန်လ ၃၀ ရက်အထိ) တွင် ဂျုံတန်ချိန် ၄၇ သန်း စံချိန်တင် တင်ပို့နိုင်ခဲ့ကြောင်း ရုရှားစိုက်ပျိုးရေးဝန်ကြီး Mr. Dmitry Patrushev က All-Russian Field Day-2023 တွင် ပြောကြားခဲ့ပါသည်။

ပဏာမအချက်အလက်များအရ ပြီးခဲ့သည့်ရာသီတွင် ဂျုံတန်ချိန် ၄၇ သန်းခန့်အပါအဝင် ကမ္ဘာ့ဈေးကွက်သို့ ကောက်ပဲသီးနှံတန်ချိန် သန်း ၆၀ တင်ပို့ခဲ့ပြီး ၎င်းအချက်အလက်သည် ရုရှားနိုင်ငံအတွက် စံချိန်တင်မှတ်တမ်းတစ်ခုဖြစ်ပါကြောင်း ဝန်ကြီးက ပြောကြားခဲ့သည်။ ထို့အပြင် ၂၀၂၃-၂၀၂၄ စိုက်ပျိုးရေးနှစ်သစ်တွင် ကောက်ပဲသီးနှံတန်ချိန် ၅၅ သန်း တင်ပို့နိုင်ရန် စီစဉ်ထားပြီး တင်ပို့နိုင်မှု အလားအလာ တိုးမြှင့်လာနိုင်ကြောင်း ဆက်လက်ပြောကြားခဲ့ပါသည်။

ဆက်လက်၍ Patrushev မှ ကောက်ပဲသီးနှံများအား မိတ်ဖက်နိုင်ငံများသို့ တင်ပို့နိုင်ရန် စနစ်တကျ စီစဉ်လျက်ရှိပြီး ၎င်းတို့သည် ကမ္ဘာ့စားနပ်ရိက္ခာဖူလုံရေးအတွက် အလွန်အရေး ပါသော ပံ့ပိုးကူညီမှုဖြစ်သည်မှာ သံသယဖြစ်ဖွယ်မရှိပါကြောင်း၊ လက်ရှိ ပို့ကုန်အလားအလာ၏ လေ့လာဆန်းစစ်မှုများအရ ရာသီသစ်တွင် ကောက်ပဲသီးနှံနှင့် ဂျုံတင်ပို့မှုပမာဏသည် ပြောင်းလဲမှုမရှိသေးသော်လည်း တိုးမြှင့်တင်ပို့နိုင်ကြောင်း ပြောကြားခဲ့ပါသည်။

Source : https://ria.ru/20230707/eksport-1882850445.html

ခွန်မျိုးသူ၊ စီးပွားရေးသံမှူး
မော်စကို

## ရုရှားနိုင်ငံရှိ စိုက်ပျိုးရေးအဖွဲ့အစည်းများတွင် ရောင်းချရန်သိုလှောင်ထားသော ကောက်ပဲသီးနှံများ ၁.၇ ဆ မြင့်တက်လာ

၂၀၂၃ ခုနှစ် ဇွန်လ ၁ ရက်နေ့အထိ ရုရှားနိုင်ငံ၏ စိုက်ပျိုးရေးအဖွဲ့အစည်းများတွင် ရောင်းချရန်သိုလှောင်ထားသော ကောက်ပဲသီးနှံများသည် ၂၀၂၂ ခုနှစ် အလားတူကာလနှင့် နှိုင်းယှဉ်ပါက ၁.၇ ဆတိုးတက်လာပြီး ပမာဏ တန်ချိန် ၁၃.၉၁၂ သန်းရှိကြောင်း Rosstat စာရင်းအင်းဌာန၏ အစီရင်ခံစာတွင် ဖော်ပြထားသည်။

အစီရင်ခံကာလအတွင်းတွင် ဂျုံလက်ကျန်များမှာ တန်ချိန် ၉.၀၃၉ သန်းရှိပြီး ၆၉ ရာခိုင်နှုန်း တိုးလာကြောင်း၊ ပြောင်းလက်ကျန်များမှာ တန်ချိန် ၁.၇၂၉ သန်းရှိပြီး ၁၆.၇ ရာခိုင်နှုန်းမြင့်တက်ခဲ့ကြောင်း သိရှိရပါသည်။

၂၀၂၃ ခုနှစ် ဇန်နဝါရီလမှ မေလအထိ ဂျုံရောင်းချရမှု ပမာဏသည် တန်ချိန် ၁၇.၆၅၃ သန်းရှိပြီး ယခင်နှစ် အလားတူကာလထက် ၆၆.၃ ရာခိုင်နှုန်းပိုများကြောင်း၊ ပြောင်းရောင်းချရမှု ပမာဏသည် တန်ချိန် ၃.၅၇၈ သန်းရှိပြီး ယခင်နှစ် အလားတူကာလထက် ၂၄ ရာခိုင်နှုန်း ပိုများကြောင်း ဖော်ပြထားသည်။

ထို့အပြင် စိုက်ပျိုးရေးအဖွဲ့အစည်းများသည် ဇန်နဝါရီလမှ မေလအတွင်း ကောက်ပဲသီးနှံနှင့် ပဲမျိုးစုံ ပမာဏတန်ချိန် ၂၂.၃၅၈ သန်း ရောင်းချခဲ့ပြီး ယခင်နှစ်ထက် ၅၅.၇ ရာခိုင်နှုန်း ပိုများခဲ့ကြောင်း ဖော်ပြထားသည်။

တစ်ချိန်တည်းမှာပင် ၂၀၂၃ ခုနှစ် မေလတွင် ကောက်ပဲသီးနှံနှင့် ပဲမျိုးစုံ ပမာဏတန်ချိန် ၄.၇၅၁ သန်း ရောင်းချခဲ့ပြီး ယခင်နှစ်အလားတူကာလထက် ၇၅ ရာခိုင်နှုန်း တိုးလာခဲ့ကြောင်း၊ ဂျုံရောင်းချရမှု ပမာဏသည် တန်ချိန် ၃.၅၈၅ သန်းရှိပြီး ၈၁ ရာခိုင်နှုန်းတိုးလာကြောင်း၊ ပြောင်းရောင်းချရမှု ပမာဏသည် တန်ချိန် ၆၃၀,၀၀၀ ရှိပြီး ၂၇.၁ ရာခိုင်နှုန်း ပိုများကြောင်း ဖော်ပြထားသည်။

Source : https://tass.ru/ekonomika/18200967

ခွန်မျိုးသူ၊ စီးပွားရေးသံမှူး
မော်စကို

Agribusiness & Trade

……………………………………………………………………………………………..

## ရုရှားနိုင်ငံ၊ စက်မှုနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် ပလက်တီနမ်နှင့် ရွှေတင်ပို့ခြင်းအတွက် အထွေထွေလိုင်စင်များကို ဆက်လက်ထုတ်ပေးသွားမည်

ရုရှားနိုင်ငံ၊ စက်မှုနှင့်ကုန်သွယ်ရေးဝန်ကြီးဌာနသည် ပလက်တီနမ်နှင့် ပလက်တီနမ်အုပ်စု သတ္တုများ၊ သန့်စင်ပြီး ရွှေနှင့်ငွေများ၊ ရွှေပြားနှင့်ရွှေမှုန်များ တင်ပို့ခြင်းများအတွက် တည်ဆဲအစိုးရ ၏ဥပဒေအရ အထွေထွေလိုင်စင် ဆက်လက်ထုတ်ပေးသွားမည်ဖြစ်ကြောင်း ၎င်းဝန်ကြီးဌာန၏ အစီရင်ခံစာတွင်ဖော်ပြထားပါသည်။

ရုရှားစက်မှုနှင့်ကုန်သွယ်ရေးဝန်ကြီးဌာနသည် သတ်မှတ်ထားသောလုပ်ထုံးလုပ်နည်းအရ သန့်စင်ပြီးရွှေ၊ ငွေ၊ ပလက်တီနမ်နှင့် ပလက်တီနမ်အုပ်စုသတ္တုများ (palladium၊ rhodium၊ iridium၊ ruthenium၊ osmium)၊ ရွှေပြားနှင့်ရွှေမှုန်များ တင်ပို့ခြင်းအတွက် အထွေထွေလိုင်စင် ထုတ်ပေးရန် တာဝန်ရှိသည်။ သို့သော် သန့်စင်ပြီးအဖိုးတန်သတ္တုများ တင်ပို့ခြင်းအတွက် အထွေထွေလိုင်စင် ထုတ်ပေးခြင်းကို ရုရှား ဘဏ္ဍာရေးဝန်ကြီးဌာန၏ ထောက်ခံချက်လိုအပ်မည် ဖြစ်ပါသည်။

ယခင်က စက်မှုနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနသည် ၎င်းလိုင်စင်နှင့်ပတ်သက်၍ တစ်ကြိမ်သာ ပါမစ်ထုတ်ပေးခဲ့ပြီး နောက်ပိုင်းတွင် ယာယီအထွေထွေလိုင်စင်ထုတ်ပေးခဲ့သည်။ ၎င်းအထွေထွေလိုင်စင်သည် ၂၀၂၃ ခုနှစ် မတ်လအထိ သက်တမ်းရှိခဲ့သည်။

Source : https://tass.ru/ekonomika/18225685

ခွန်မျိုးသူ၊ စီးပွားရေးသံမှူး
မော်စကို

.......................................................................................

## Moscow Export Center မှ မိတ်ဖက်နိုင်ငံ (၃) နိုင်ငံသို့ စီးပွားရေးနယ်မြေ ချဲ့ထွင်ရေး အစီအစဉ်အသစ်တွင် ထိုင်းပါဝင်

မော်စကိုစီးပွားရေးအသိုင်းအဝိုင်းမှ ကိုယ်စားလှယ်များသည် ချစ်ကြည်ရင်းနှီးသောနိုင်ငံများနှင့် စီးပွားရေးလုပ်ငန်းများ စတင်လုပ်ဆောင်လျက်ရှိပါကြောင်း၊ ယခုနှစ်အတွင်း Moscow Export Center (MEC) မှ မိတ်ဖက်နိုင်ငံ (၃) နိုင်ငံထပ်တိုး၍ စီးပွားရေးလုပ်ငန်းချဲ့ထွင် ဆောင်ရွက်သွားမည့် အစီအစဉ်ဆောင်ရွက်နေပါကြောင်း မြို့တော်၏ စွန့်ဦးတီထွင်မှုနှင့် ဆန်းသစ်တီထွင်မှု ဖွံ့ဖြိုးတိုးတက်ရေးဌာန၏ သတင်းစာရှင်းလင်းပွဲတွင် ပြောကြားခဲ့သည်။

မော်စကိုစီးပွားရေးအသိုင်းအဝိုင်းမှ သံတမန်များသည် မိတ်ဖက်နိုင်ငံများရှိ လုပ်ငန်းရှင်များ ၏ ကုန်ပစ္စည်းနှင့်ဝန်ဆောင်မှုများအပေါ် မြှင့်တင်ပေးသွားမည်ဖြစ်ကြောင်း၊ ပထမဦးစွာ စီးပွားရေး ကိုယ်စားလှယ်များသည် အိန္ဒိယ၊ အီဂျစ်နှင့် ထိုင်းနိုင်ငံတို့တွင် စတင်တိုးချဲ့ဆောင်ရွက် သွားမည်ဖြစ်

ကြောင်း၊ ယခုနှစ်ကုန်ပိုင်းတွင်လည်း Moscow Export Center အနေဖြင့် ထပ်တိုး (၃) နိုင်ငံအား ထပ်မံတိုးချဲ့သွားမည်ဖြစ်ကြောင်း အဆိုပါ သတင်းစာရှင်းလင်းပွဲတွင် ပြောကြားခဲ့သည်။

မော်စကို၏ ဒုတိယမြို့တော်ဝန်ဖြစ်သူ Mrs. Natalya Sergunina မှ မြို့တော်၏ စီးပွားရေး အသိုင်းအဝိုင်းမှ သံတမန်များအနေဖြင့် စီးပွားရေးလုပ်ငန်းရှင်များအတွက် သင့်လျော်သည့် လက်တွဲ ဆောင်ရွက်မည့်သူရှာဖွေနိုင်ရေး၊ ကုန်ပစ္စည်းဖြန့်ဖြူးသူများနှင့် အတူတကွ လက်တွဲဆောင်ရွက်နိုင် ရေးနှင့် ဈေးကွက်အတွင်း လက်လီလက္ကားရောင်းချနိုင်ရေး စသည့်ကိစ္စရပ် များနှင့်ပတ်သက်၍ ကူညီသွားရန် အထူးမှာကြားခဲ့သည်။ ထို့အပြင် မော်စကိုမြို့သည် အရည်အသွေးမြင့်ထုတ်ကုန်များ နှင့် နည်းပညာများ ထုတ်လုပ်ဖြန့်ဖြူးပေးသည့်မြို့တစ်မြို့အဖြစ် ပုံရိပ်ထင်ကျန်နေစေရေး ဆောင် ရွက်ကြရန် အလေးပေးပြောကြားခဲ့သည်။

စီးပွားရေးအသိုင်းအဝိုင်းမှ သံတမန်များအနေဖြင့် ကုန်ပစ္စည်းဝယ်ယူသူနှင့် မိတ်ဖက်ဆောင် ရွက်သူတို့အကြား လိုအပ်သည့် မျက်နှာစုံညီ ညှိနှိုင်းဆောင်ရွက်မှုများ၊ နိုင်ငံအတွင်းရှိ ကုမ္ပဏီများ တွင် ကိုယ်စားလှယ်ထားရှိပေးမှုများ စသည့် နှစ်ဦးနှစ်ဘက်အကျိုး အမြတ်ရရှိစေရေးလုပ်ငန်းများ ကို တာဝန်ယူဆောင်ရွက်ပေးမည်ဖြစ်ပါသည်။ ကိုယ်စားလှယ်များနှင့် ကုန်ပစ္စည်း ထုတ်လုပ်သူများ အကြား သက်ဆိုင်ရာနယ်မြေဒေသတစ်ခုခြင်းစီအလိုက် ကုန်ပစ္စည်းဝယ်လိုအားကို ရှာဖွေဖော် ဆောင်နိုင်ရေး ဆောင်ရွက်ပေးမည်ဖြစ်ကြောင်းနှင့် အဆိုပါအစီအစဉ်အသစ်အား ဖော်ဆောင်ပြီး နောက် နိုင်ငံတကာဈေးကွက်သို့ လွယ်ကူစွာ ဝင်ရောက်နိုင်မည်ဖြစ်ပါသည်။

ထို့အပြင် မော်စကိုအနေဖြင့် မိတ်ဖက်နိုင်ငံများနှင့် ချစ်ကြည်ရေးပိုမိုတိုးတက်စေရန် ဆောင် ရွက်လျက်ရှိပြီး မိတ်ဖက်နိုင်ငံများအပေါ်လည်း လိုအပ်သည့် ထောက်ပံ့မှုများ လုပ်ဆောင်ပေးလျက် ရှိပါကြောင်း၊ Moscow Export Center (MEC) သည် ပြည်ပသို့ ကုန်ပစ္စည်း ဖြန့်ဖြူးသူများ အကျိုး အမြတ်ဖြစ်ထွန်းစေမည့် နိုင်ငံခြားဈေးကွက်မြှင့်တင်ရေး နိုင်ငံတကာပြပွဲများ ကျင်းပပေးခြင်း အပါ အဝင် ဝန်ဆောင်မှုအမျိုးပေါင်း (၃၀) ကျော် ဆောင်ရွက်ပေးလျက်ရှိပါကြောင်း ပြောကြားခဲ့ပါသည်။

ဒုတိယမြို့တော်ဝန်မှ ပူးပေါင်းဆောင်ရွက်မှုများကြောင့် မြို့တော်၏ကုမ္ပဏီများသည် တစ် နှစ်တာအတွင်း လက်တင်အမေရိက၊ အာဖရိက၊ အာရှ၊ CIS နိုင်ငံများနှင့် အရှေ့အလယ်ပိုင်း ဒေသ များရှိ နိုင်ငံပေါင်း (၂၆) နိုင်ငံမှ မိတ်ဖက်ကုမ္ပဏီများနှင့် ခိုင်မြဲစွာလက်တွဲဆောင်ရွက်နိုင်ခဲ့ကြောင်း၊ ကုမ္ပဏီအသစ်များနှင့် စာချုပ်အသစ်များချုပ်ဆို၍ လုပ်ငန်းတိုးချဲ့ဆောင်ရွက်နိုင်ခဲ့ကြောင်း ပြော ကြားခဲ့ပါသည်။

Source : https://tass.ru/ekonomika/18203505

ခွန်မျိုးသူ၊ စီးပွားရေးသံမှူး
မော်စကို

Agribusiness & Trade

## ရုရှားနိုင်ငံရှိ Khabarovsk ဒေသသည် ဗီယက်နမ်သို့ စွမ်းအင်ပစ္စည်းကိရိယာများ တင်ပို့ရန်စီစဉ်

Khabarovsk ဒေသအာဏာပိုင်များသည် စွမ်းအင်ပစ္စည်းကိရိယာများ တင်ပို့မှုကဏ္ဍတွင် ဗီယက်နမ်နိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်သွားရန် ရည်ရွယ်ထားကြောင်း Khabarovsk ဒေသအကြီးအကဲ Mr. Mikhail Degtyarev နှင့် အရှေ့ဖျားဒေသ Vladivostok ရှိ ဗီယက်နမ် ကောင်စစ်ဝန်ချုပ် Mr. Nguyen Dang Hien တို့ အလုပ်သဘောတွေ့ဆုံဆွေးနွေးပြီးနောက် Degtyarev မှ ၎င်း၏ Telegram တွင် ကြေညာခဲ့ခြင်းဖြစ်ပါသည်။

Khabarovsk ဒေသသည် အာရှမိတ်ဖက်များနှင့် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရန် အဆင်သင့်ဖြစ်နေပြီဖြစ်ကြောင်း၊ အလားအလာကောင်းတစ်ခုမှာ စွမ်းအင်စက်မှုထုတ်ကုန်များ တင်ပို့ရန်ဖြစ်ကြောင်း၊ ၎င်းတို့၏ "Dalenergomash" စက်ရုံသည် လေဖိအားပေးစက်များ၊ လေမှုတ်စက်များနှင့် အပိုပစ္စည်းကိရိယာများ ပို့ဆောင်ပေးရန် အဆင်သင့်ဖြစ်နေပြီဖြစ်ကြောင်း Degtyarev မှ ရေးသားဖော်ပြထားသည်။

၂၀၂၂ ခုနှစ်တွင် Khabarovsk ဒေသနှင့် ဗီယက်နမ်နိုင်ငံတို့၏ အပြန်အလှန် ကုန်သွယ်မှုပမာဏသည် ၂၀၂၁ ခုနှစ်နှင့် နှိုင်းယှဉ်ပါက ၄၆ ရာခိုင်နှုန်း တိုးလာခဲ့ပြီး ပို့ကုန် ၄၇ ရာခိုင်နှုန်းနှင့် သွင်းကုန် ၃၆ ရာခိုင်နှုန်း တိုးလာခဲ့ခြင်းဖြစ်ကြောင်း Khabarovsk ဒေသ၏အကြီးအကဲက ပြောကြားခဲ့သည်။

Khabarovsk ဒေသ၏အကြီးအကဲနှင့် ဗီယက်နမ်ကောင်စစ်ဝန်ချုပ်တို့ တွေ့ဆုံစဉ်အတွင်း Khabarovsk ဒေသနှင့် ဗီယက်နမ်နိုင်ငံတို့အကြား လေကြောင်းပျံသန်းမှု ပြန်လည်စတင်နိုင်ရေး အလားအလာများကို ဆွေးနွေးခဲ့ကြောင်း၊ ဒေသ၏ ခရီးသွားလာရေးဝန်ကြီးဌာနသည် ခရီးသွားလာမှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်လျက်ရှိကြောင်း Degtyarev က ပြောကြားခဲ့ပါသည်။

Source : https://tass.ru/ekonomika/18202777

ခွန်မျိုးသူ၊ စီးပွားရေးသံမှူး
မော်စကို

……………………………………………………………………..

Agribusiness & Trade

## ရုရှားနှင့် အီရန်တို့ မြောက်-တောင် သယ်ယူပို့ဆောင်ရေးလမ်းကြောင်း၏ ရထားလမ်းအပိုင်းကို တည်ဆောက်မည်

ရုရှားကုမ္ပဏီတစ်ခုသည် အပြည်ပြည်ဆိုင်ရာ မြောက်-တောင် သယ်ယူပို့ဆောင်ရေးလမ်းကြောင်း(International North-South Transport Corridor-INSTC) ၏ Rasht-Astara မီးရထားလမ်းကြောင်းအပိုင်းတစ်ခုကို တည်ဆောက်ရန် အီရန်နှင့် မကြာမီ သဘောတူစာချုပ်တစ်ရပ် လက်မှတ်ရေးထိုးမည်ဖြစ်ကြောင်း ရုရှားသမ္မတ၏ လက်ထောက်တစ်ဦးဖြစ်သူ Mr.Igor Levitin က RIA သတင်းဌာနသို့ ပြောကြားခဲ့သည်။

မြောက်-တောင် သယ်ယူပို့ဆောင်ရေးလမ်းကြောင်းသည် ရုရှားနိုင်ငံအတွက် နောက်ထပ်ကုန်စည်တင်ပို့ရန်အခွင့်အလမ်းတစ်ခုဖြစ်ပြီး အထူးသဖြင့် စားနပ်ရိက္ခာများနှင့်သက်ဆိုင်သည့်လမ်းကြောင်းတစ်ခုဖြစ်ကြောင်း၊ လက်ရှိတွင် အဆိုပါလမ်းကြောင်းတစ်လျှောက်လုံးရှိ သယ်ယူပို့ဆောင်ရေးသည် တန်ချိန် ၁၅ သန်းခန့်ရှိသော်လည်း အနာဂတ်တွင် တန်ချိန် သန်း ၃၀ အထိ နှစ်ဆတိုးလိမ့်မည်ဖြစ်ကြောင်း ၎င်းက ထပ်လောင်းပြောကြားခဲ့သည်။

အပြည်ပြည်ဆိုင်ရာ မြောက်-တောင် သယ်ယူပို့ဆောင်ရေးလမ်းကြောင်းသည် စိန့်ပီတာစဘတ်(ရုရှား)မှ မွန်ဘိုင်း(အိန္ဒိယ)ဆိပ်ကမ်းသို့ ကီလိုမီတာ ၇,၂၀၀ ရှည်လျားသည့် ဘက်စုံသုံးလမ်းကြောင်းတစ်ခုဖြစ်သည်။ ၂၀၂၃ ခုနှစ် မေလတွင် အီရန်နိုင်ငံရှိ Rasht-Astara ရထားလမ်း အနောက်ပိုင်းလမ်းကြောင်း၏ နောက်ဆုံးလိုအပ်သော ပြီးစီးမှုဆိုင်ရာ စာရွက်စာတမ်းများကို ရုရှားနှင့် အီရန်တို့ လက်မှတ်ရေးထိုးခဲ့ကြသည်။

Rasht-Astara ရထားလမ်းသည် အိန္ဒိယ၊ အီရန်၊ ရုရှား၊ အဇာဘိုင်ဂျန်နှင့် အခြားနိုင်ငံများကို မီးရထားနှင့် ရေကြောင်းဖြင့် ဆက်သွယ်ရန် ရည်ရွယ်ထားသည့်လမ်းကြောင်းတွင် အရေးကြီးသော ချိတ်ဆက်မှုတစ်ခုဖြစ်ပြီး အဆိုပါ စီမံကိန်းသည် စူးအက်တူးမြောင်းကို ကုန်သွယ်ရေးလမ်းကြောင်းအဖြစ် ယှဉ်ပြိုင်နိုင်ကြောင်း သိရှိရပါသည်။

Source : https://ria.ru/20230704/dogovor-1882128788.html

ခွန်မျိုးသူ၊ စီးပွားရေးသံမှူး
မော်စကို

………………………………………………………………………………………………………

## တရုတ်နိုင်ငံသည် gallium နှင့် germanium တို့ ပါဝင်သည့် စက်မှုထုတ်ကုန်များတင်ပို့မှုကို ကန့်သတ်လိုက်

တရုတ်နိုင်ငံသည် ၎င်း၏ အမျိုးသားလုံခြုံရေးနှင့် အကျိုးစီးပွားအတွက် gallium နှင့် germanium တို့ ပါဝင်သော စက်မှုထုတ်ကုန်များနှင့် ပစ္စည်းများတင်ပို့မှုကို ၂၀၂၃ ခုနှစ်၊ ဩဂုတ်လ (၁)ရက်နေ့မှစတင်၍ ကန့်သတ်ချက် ချမှတ်သွားမည်ဟု ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ထုတ်ပြန်ကြေညာခဲ့ကြောင်း သိရှိရပါသည်။

တရုတ်နိုင်ငံ၏ ပို့ကုန်ထိန်းချုပ်ရေးဥပဒေ၊ နိုင်ငံခြားကုန်သွယ်မှုဥပဒေနှင့် အကောက်ခွန်ဥပဒေပါ ပြဋ္ဌာန်းချက်များအရ semiconductor များနှင့် optoelectronic စက်ပစ္စည်းများ ထုတ်လုပ်ရာတွင် အသုံးပြုသည့် gallium နှင့် semiconductor လုပ်ငန်းအတွက် အရေးကြီးသော ကုန်ကြမ်းဖြစ်သည့် germanium တို့ကို ဇူလိုင်လနောက်ပိုင်းမှစ၍ ခွင့်ပြုချက်မရှိဘဲ တင်ပို့၍မရကြောင်းနှင့် gallium nitride၊ gallium oxide နှင့် zone-refined germanium ကဲ့သို့သော အခြားစက်မှုကုန်ကြမ်းပစ္စည်းများတင်ပို့ခြင်းကိုလည်း တားမြစ်ထားကြောင်း သိရှိရပါသည်။

ပို့ကုန်လုပ်ငန်းရှင်များသည် သက်ဆိုင်ရာ စည်းမျဉ်းစည်းကမ်းများနှင့်အညီ ပို့ကုန်လိုင်စင်များ လျှောက်ထားရန် လိုအပ်ပြီး ၎င်းတို့၏ လျှောက်လွှာများကို ပြည်နယ်ကူးသန်း ရောင်းဝယ်ရေးဌာနများမှတစ်ဆင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသို့ တင်ပြရမည်ဖြစ်ကြောင်းနှင့် ဝန်ကြီးဌာနသည် သတ်မှတ်ချိန်အတွင်း သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်း၍ စာရွက်စာတမ်းများကို သုံးသပ်စစ်ဆေးမည်ဖြစ်ပြီး သုံးသပ်မှုအပေါ်အခြေခံ၍ လိုင်စင်ထုတ်ပေးရန် (သို့မဟုတ်) ငြင်းပယ်ရန် ဆုံးဖြတ်မည်ဖြစ်ကြောင်း သိရှိရပါသည်။

တရုတ်နိုင်ငံရှိ တစ်ပိုင်းလျှပ်ကူးပစ္စည်းဈေးကွက်သုတေသနကုမ္ပဏီ JW Insights ၏ အထွေထွေမန်နေဂျာ Han Xiaomin က ယခုကန့်သတ်လိုက်သည့်ပစ္စည်းများသည် semiconductors အတွက် အရေးကြီးသောပစ္စည်းများဖြစ်ပြီး ၎င်းတို့သည် စစ်ဘက်ဆိုင်ရာလုပ်ငန်းများတွင် အသုံးပြုမှုများနှင့်လည်း ဆက်စပ်နေကြောင်းနှင့် ယခုကန့်သတ်မှုသည် တရုတ်နိုင်ငံအပေါ် အမေရိကန်မှ chips တင်ပို့မှု ထိန်းချုပ်ခြင်းကို တုံ့ပြန်မှုတစ်ခုဖြစ်နိုင်သည်ဟု ပြောကြားခဲ့ကြောင်း သိရှိရပါသည်။

Gallium nitride သည် စွမ်းဆောင်ရည်မြင့်မားသော semiconductor ထုတ်လုပ်နိုင်သည့် ပစ္စည်းအသစ်ဖြစ်ပြီး အီလက်ထရွန်များကို ဆီလီကွန်ထက် အဆ (၁,၀၀၀) ကျော်ပို၍ ထိရောက်စွာ လုပ်ဆောင်နိုင်စွမ်းရှိသည်ဟု ကျွမ်းကျင်သူများက ပြောကြားခဲ့ကြောင်း သိရှိရပါသည်။

တရုတ်နိုင်ငံ၏ gallium နှင့် germanium တို့နှင့်ဆက်စပ်ပစ္စည်းများအပေါ် ပို့ကုန်ထိန်းချုပ်ရေးအစီအမံများသည် မည်သည့်နိုင်ငံကိုမျှ ပစ်မှတ်ထားခြင်းမဟုတ်ကြောင်းနှင့် ယင်းလုပ်ဆောင်

ချက်များသည် နိုင်ငံတကာလုပ်ထုံးလုပ်နည်းများနှင့်လည်း ကိုက်ညီကြောင်း ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက (၆-၇-၂၀၂၃)ရက်နေ့တွင် ပြောကြားခဲ့ကြောင်း သိရှိရပါသည်။

တရုတ်နိုင်ငံ၏ ဆောင်ရွက်မှုများသည် အဆိုပါပို့ကုန်များအပေါ် လုံးဝတားမြစ်ခြင်း မဟုတ်ကြောင်းနှင့် သက်ဆိုင်ရာစည်းမျဉ်းများနှင့် ကိုက်ညီသည့်ပစ္စည်းများကို တင်ပို့ခွင့်ပြုမည်ဖြစ်ကြောင်း ဝန်ကြီးဌာန၏ ပြောရေးဆိုခွင့်ရှိသူ Shu Jueting က ရှင်းလင်းပြောကြားခဲ့ကြောင်း သိရှိရပါသည်။

ထို့အပြင် ကြေညာချက်မထုတ်ပြန်မီ တရုတ်-အမေရိကန်နှင့် တရုတ်-အီးယူ ပို့ကုန်ထိန်းချုပ်ရေးဆွေးနွေးပွဲများကဲ့သို့သော လမ်းကြောင်းများမှ ကြိုတင်သတိပေးမှုများ ပြုလုပ်ခဲ့သည်ဟု သူမက ပြောကြားခဲ့ကြောင်း သိရှိရပါသည်။

Source: www.chinadaily.com.cn/a/202307/03/WS64a2e578a310bf8a75d6cfab.html

www.chinadaily.com.cn/a/202307/06/WS64a673f5a310bf8a75d6da31.html

ကေခိုင်ကျော်၊ စီးပွားရေးသံမှူး

နန်နင်း

..........................................................................................

## တရုတ်နှင့် ဟွန်ဒူးရပ်စ်နိုင်ငံတို့အကြား လွတ်လပ်သောကုန်သွယ်ရေးသဘောတူညီချက် (Free Trade Agreement-FTA) ဆိုင်ရာ ဆွေးနွေးမှုများ မကြာမီစတင်မည်

တရုတ်နိုင်ငံသည် ၂၀၂၃ ခုနှစ်၊ မတ်လတွင် ဟွန်ဒူးရပ်စ်နိုင်ငံနှင့် သံတမန်ဆက်ဆံရေး ထူထောင်ပြီးနောက် နှစ်နိုင်ငံအကြား စီးပွားရေးပူးပေါင်းဆောင်ရွက်မှု အားကောင်းလာစေရန် အရေးပါသော ခြေလှမ်းတစ်ရပ်အဖြစ် ဟွန်ဒူးရပ်စ်နှင့် နှစ်နိုင်ငံလွတ်လပ်သောကုန်သွယ်ရေးသဘောတူညီချက် (Free Trade Agreement-FTA) လက်မှတ်ရေးထိုးနိုင်ရေးအတွက် ဆွေးနွေးမှုများ စတင်မည်ဖြစ်ကြောင်း သိရှိရပါသည်။

တရုတ်နိုင်ငံ၊ ကူးသန်းရောင်းဝယ်ရေးဝန်ကြီး Wang Wentao နှင့် ဟွန်ဒူးရပ်စ်နိုင်ငံ၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီး Fredis Cerrato တို့သည် အဆိုပါသတင်းကို (၄-၇-၂၀၂၃) ရက်နေ့တွင် ဗီဒီယိုကွန်ဖရင့်တစ်ခုမှတစ်ဆင့် ပူးတွဲကြေညာခဲ့ခြင်းဖြစ်သည်ဟု တရုတ်ကူးသန်း ရောင်းဝယ်ရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်တွင် ဖော်ပြထားကြောင်း သိရှိရပါသည်။

တရုတ်နှင့် အမေရိကအလယ်ပိုင်းနိုင်ငံတစ်ခုဖြစ်သည့် ဟွန်ဒူးရပ်စ်တို့သည် ဇွန်လ(၁၂) ရက်နေ့တွင် ထုတ်ပြန်ခဲ့သည့် ပူးတွဲကြေညာချက်၌ နှစ်နိုင်ငံ လွတ်လပ်သောကုန်သွယ်ရေး သဘောတူညီချက်အတွက် ဆွေးနွေးမှုများပြုလုပ်ရန် သဘောတူညီမှုရရှိခဲ့ကြောင်း သိရှိရပါသည်။

FTA အတွက် စေ့စပ်ညှိနှိုင်းမှုများ စတင်ခြင်းသည် နှစ်နိုင်ငံအကြား စီးပွားရေးနှင့် ကုန်သွယ်မှုကဏ္ဍများတွင် လက်တွေ့ကျသော ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်ရန်ဖြစ်ကြောင်း၊ FTA ဆောင်ရွက်ခြင်းသည် နှစ်နိုင်ငံ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု ပူးပေါင်းဆောင်ရွက်ခြင်းများ အားကောင်းလာစေရေးအတွက် တွန်းအားဖြစ်စေရန် ရည်ရွယ်ထားကြောင်း သိရှိရပါသည်။

တရုတ်နိုင်ငံသည် နှစ်နိုင်ငံဆက်ဆံရေးအတွက် ပိုမိုတောက်ပသော အနာဂတ်ကို စဉ်ဆက်မပြတ်ဖန်တီး၍ အပြန်အလှန်အကျိုးရှိသော ပူးပေါင်းဆောင်ရွက်မှုမှ ရလဒ်ကောင်းများရရှိနိုင်ရေး ဟွန်ဒူးရပ်စ်နှင့် လက်တွဲလုပ်ဆောင်သွားရန် ဆန္ဒရှိကြောင်း တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ Mao Ning က ပြောကြားခဲ့ကြောင်း သိရှိရပါသည်။

တရုတ်နိုင်ငံအကောက်ခွန်အထွေထွေအုပ်ချုပ်မှုအာဏာပိုင်အဖွဲ့၏ အချက်အလက်များ အရ တရုတ်နှင့် ဟွန်ဒူးရပ်စ်နိုင်ငံတို့အကြား ကုန်သွယ်မှုတန်ဖိုးသည် ၂၀၂၃ ခုနှစ်၊ ပထမ(၅)လတွင် အမေရိကန်ဒေါ်လာသန်း (၇၄၀)အထိ ရှိခဲ့ပြီး ယခင်နှစ်ထက် (၁၄.၉)ရာခိုင်နှုန်း မြင့်တက်ခဲ့ကြောင်း သိရှိရပါသည်။

တရုတ်နိုင်ငံသည် ဟွန်ဒူးရပ်စ်နိုင်ငံမှ ကော်ဖီ၊ သစ်သီးနှင့် ရေထွက်ပစ္စည်းများကို အဓိက တင်သွင်းနေပြီး အဝတ်အထည်၊ စက်ယန္တရားများ၊ ဆောက်လုပ်ရေးသုံးပစ္စည်းများ၊ ကွန်ပျူတာ၊ ပရိဘောဂ၊ အရုပ်များနှင့် အခြားနေ့စဉ်သုံးပစ္စည်းများကို ဟွန်ဒူးရပ်စ်နိုင်ငံသို့ တင်ပို့နေကြောင်း သိရှိရပါသည်။

လက်ရှိတွင် တရုတ်နှင့် ဟွန်ဒူးရပ်စ်ကုမ္ပဏီများသည် တရုတ်နိုင်ငံသို့ ဟွန်ဒူးရပ်စ် လယ်ယာထွက်ကုန်များ တင်ပို့ခြင်းအပါအဝင် စိုက်ပျိုးရေးကဏ္ဍတွင် ပူးပေါင်းဆောင်ရွက်ရေးကိုသာ အဓိက အာရုံစိုက်လျက်ရှိသည်ဟု China Academy of International Trade and Economic Cooperation လက်အောက်ရှိ နိုင်ငံတကာကုန်သွယ်မှုဌာန ဒါရိုက်တာ Liang Ming က ပြောကြားခဲ့ကြောင်း သိရှိရပါသည်။

လွတ်လပ်သောကုန်သွယ်ရေးသဘောတူညီချက် လက်မှတ်ရေးထိုးခြင်းဖြင့် နှစ်ဖက်စီးပွားရေးလုပ်ငန်းများကို ရင်းနှီးမြှုပ်နှံမှု၊ စွမ်းအင်၊ ဆက်သွယ်ရေးနှင့် အခြေခံအဆောက်အအုံ စသည့်ကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရန် အထောက်အကူဖြစ်စေမည်ဟုလည်း ၎င်းက ပြောကြားခဲ့ကြောင်း သိရှိရပါသည်။

Source: www.china.org.cn/business/index.htm

ကေခိုင်ကျော်၊ စီးပွားရေးသံမှူး

နန်နင်း

Agribusiness & Trade

## တရုတ်-လာအိုရထားလမ်းသည် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို မြှင့်တင်ပေးလျက်ရှိ

၂၀၂၃ ခုနှစ်သည် တရုတ်-လာအို မီးရထားလမ်းကို လွှန်ခဲ့သည့် တစ်နှစ်ကျော်က တရားဝင်ဖွင့်လှစ်ဖြစ်စေခဲ့သော Belt and Road Initiative ၏ (၁၀)နှစ်မြောက် နှစ်ပတ်လည်ဖြစ်၍ တရုတ်နှင့်လာအိုနိုင်ငံတို့အတွက် ထူးခြားသည့်နှစ်ဖြစ်ကြောင်း သိရှိရပါသည်။

ယင်းသို့အရေးကြီးသော နှစ်ပတ်လည်တွင် China-Laos Belt and Road Cooperation Forum ကို လာအိုနိုင်ငံ၊ ဗီယင်ကျန်းမြို့၌ (၅-၇-၂၀၂၃)ရက်နေ့တွင် ကျင်းပခဲ့ပြီး အဆိုပါဖိုရမ်တွင် ပြီးခဲ့သည့်ဆယ်စုနှစ်များအတွင်း Belt and Road Initiative အောက်၌ တရုတ်နှင့် လာအိုပူးပေါင်းဆောင်ရွက်မှု၏ အောင်မြင်မှုများကို ဖော်ပြခဲ့ကြောင်း သိရှိရပါသည်။

Belt and Road မိတ်ဖက်များအဖြစ် တရုတ်နှင့် လာအိုနိုင်ငံတို့သည် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုကို နက်ရှိုင်းစွာ လုပ်ဆောင်ရန် ကတိပြုကြကြောင်း၊ ၂၀၂၂ ခုနှစ်တွင် တရုတ်နှင့်အာဆီယံတို့အကြား ကုန်သွယ်မှုသည် (၁၅)ရာခိုင်နှုန်း တိုးတက်လာပြီး ၎င်းတို့အနက် တရုတ်နှင့်လာအိုနိုင်ငံတို့အကြား ကုန်သွယ်မှုမှာ (၂၀)ရာခိုင်နှုန်းကျော် တိုးလာကြောင်း တရုတ်နိုင်ငံအကောက်ခွန်အထွေထွေအုပ်ချုပ်မှုအာဏာပိုင်အဖွဲ့၏ အချက်အလက်များအရ သိရှိရပါသည်။

ထို့အပြင် ၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလတွင် ဖွင့်လှစ်ခဲ့သော တရုတ်-လာအိုရထားလမ်းသည် နှစ်နိုင်ငံအကြား ကုန်သွယ်မှုကို များစွာတိုးတက်စေခဲ့ကြောင်း၊ တရုတ်နိုင်ငံ၊ ကူမင်းမြို့နှင့် လာအိုနိုင်ငံ၊ ဗီယင်ကျန်းမြို့တို့ကို တိုက်ရိုက်ဆက်သွယ်ပေးသည့် ကီလိုမီတာ (၁၀၃၅) ရှည်လျားသည့် ရထားလမ်းသည် ၂၀၂၃ ခုနှစ်၊ ပထမနှစ်ဝက်တွင် ကုန်စည်တန်ချိန် (၉.၆၂)သန်း သယ်ယူခဲ့ပြီး ယခင်နှစ်ထက် (၉၄.၇) ရာခိုင်နှုန်း တိုးမြင့်လာကြောင်း China News က ဖော်ပြထားကြောင်း သိရှိရပါသည်။

ဖိုရမ်တွင် တရုတ်-လာအို မီးရထားလမ်း၏ ဒေသတွင်း အကျိုးသက်ရောက်မှုကို တရုတ်နှင့်နိုင်ငံခြားပညာရှင်များက ထပ်လောင်းပြောကြားခဲ့ကြပြီး ရထားလမ်းသည် သယ်ယူပို့ဆောင်ရေးနည်းလမ်းတစ်ခုဖြစ်ရုံသာမက တရုတ်၊ လာအို၊ ထိုင်းနှင့် အခြားအာဆီယံနိုင်ငံများကို ချိတ်ဆက်ပေးသည့် အဓိကအခြေခံအဆောက်အဦ တစ်ခုဖြစ်ကြောင်း China Center for International Economic Exchanges (CCIEE) မှ စီးပွားရေးပညာရှင် ချန်ဝမ်လင်းက ပြောကြားခဲ့ပါသည်။ တရုတ်နိုင်ငံသည် Belt and Road Initiative တွင် ပါဝင်သည့် နိုင်ငံများနှင့် ပြည်သူများအတွက် အခွင့်အလမ်းများ ဆောင်ကြဉ်းပေးရန် လက်တွေ့ကျသော လုပ်ဆောင်ချက်များကို ဆောင်ရွက်နေသည်ဟု ၎င်းက ထပ်လောင်း ပြောကြားခဲ့ကြောင်း သိရှိရပါသည်။

Agribusiness & Trade

တရုတ်-လာအိုရထားလမ်းသည် ပတ်ဝန်းကျင်ဒေသများ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို တွန်းအားပေးခဲ့ပြီး နှစ်နိုင်ငံအကြား အရေးပါသော ပူးပေါင်းဆောင်ရွက်မှုဖြစ်သည့် တရုတ်-လာအို စီးပွားရေးစင်္ကြံကို ဖြစ်ပေါ်စေခဲ့ကြောင်း၊ လာအိုနိုင်ငံ၊ စီမံကိန်းနှင့် ရင်းနှီးမြှုပ်နှံမှု ဝန်ကြီးဌာန၊ Development Research Institute (DRI)၏ ညွှန်ကြားရေးမှူးချုပ် Sitthiroth Rasphone က တရုတ်-လာအို စီးပွားရေးစင်္ကြံသည် နှစ်နိုင်ငံကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုများကို ပိုမိုတိုးတက်စေမည်ဖြစ်ပြီး တရုတ်-လာအိုရထားလမ်းတစ်လျှောက်ရှိ ဒေသများ၏ သာယာဝပြောရေးကို ပိုမိုမြှင့်တင်ပေးနိုင်မည်ဟု ပြောကြားခဲ့ကြောင်း သိရှိရပါသည်။

Source:https://news.cgtn.com/news/2023-07-06/China-Laos-Railway-boosts-economic-development-1ldCEZ8I4uI/index.html

ကေခိုင်ကျော်၊ စီးပွားရေးသံမှူး
နန်နင်း

…………………………………………………………………………………………………

Agribusiness & Trade